တရားမဆိုင်ရာ (စီရင်ချက်ပုံစံ)၁၇။

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
# ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၉ ။

၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၃၆ တွင် ချမှတ်သော ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ လ ၁၉ ရက်နေ့စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ အမိန့်နှင့်ဒီကရီအပေါ် အယူခံမှု။

| | | |
|---|---|---|
| ဒေါ်မိုးမိုးခိုင် | နှင့် | ဒေါက်တာမင်းမင်း |
| အယူခံတရားလို | | အယူခံတရားပြိုင် |

အယူခံတရားလိုအတွက် - ဦးမောင်မောင်ကျော်လင်း၊တရားလွှတ်တော်ရှေ့နေ။

အယူခံတရားပြိုင်အတွက် - ဒေါ်ညိုညိုစန်း၊ တရားလွှတ်တော်ရှေ့နေ။

## စီရင်ချက်

နေ့စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ် လ ၁၀ ရက်။

အမှုမှာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၃၆ အမှုတွင် မူလရုံးတရားလို (ယခုအယူခံတရားလို) ဒေါ်မိုးမိုးခိုင်မှ တရားလိုပြုလုပ်၍ မူလရုံးတရားပြိုင် (ယခုအယူခံတရားပြိုင်) ဒေါက်တာမင်းမင်းအပေါ် စက်ပစ္စည်းတန်ဘိုးကျန်ငွေ အမေရိကန်ဒေါ်လာ US$ ၁၁၅၈၇၁ နှင့် နစ်နာကြေးငွေ အမေရိကန်ဒေါ်လာ US$ ၃၀၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ US$ ၁၄၅၈၇၁ (သို့မဟုတ်) FEC ၁၄၅၈၇၁ သို့မဟုတ် မြန်မာငွေကျပ် ၁၁၆၆၉၆၈၀၀/- ရလိုမှုဖြင့် စွဲဆိုထားသော အမှုဖြစ်သည်။ ရုံးတော်မှ အဆိုလွှာနှင့် ချေပလွှာတို့အပေါ် မူတည်၍ တရားလိုစွဲဆိုမှုသည် အမှုပုံစံ မှန်ကန်ခြင်းမရှိဆိုသည်မှာ မှန်သလား၊ တရားလိုသည် တရားပြိုင်ထံမှ စက်ပစ္စည်းတန်ဘိုးငွေ အမေရိကန်ဒေါ်လာ ၁၁၅၈၇၁ နှင့် နစ်နာကြေးငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၅၈၇၁ ရထိုက်သည်ဆိုသည်မှာ မှန်သလား (သို့မဟုတ်) တရားလိုသည် တရားပြိုင်ထံမှ စက်ပစ္စည်းဘိုးကျန်ငွေ အမေရိကန်ဒေါ်လာ ၆၃၆၃၈ သာရှိသည်မှာ မှန်သလားနှင့် တရားလိုသည် မည်သည့်သက်သာခွင့်ကို ရထိုက်ပါသနည်း တို့ကို ထုတ်နှုတ်ပြီး ငြင်းချက်အမှတ်(၁) အား ပဏာမငြင်းချက်အဖြစ် ဦးစွာကြားနာပြီးနောက် အမှုအား ဆက်လက်ဆောင်ရွက်ခဲ့သည်။ ထိုနောက် တရားလို၊ တရားပြိုင်နှင့် နှစ်ဘက်သက်သေများအား စစ်ဆေးကြားနာပြီးနောက် အမှုအား မူလရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ 'သို့ဖြစ်၍ သက်သေခံ (က) /(၁) စာချုပ်တွင် ဝယ်သူနေရာတွင် ဒေါက်တာမင်းမင်းက လက်မှတ်ရေးထိုး ဝယ်ယူခြင်းမှာ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်

ဝယ်ယူခြင်းမဟုတ်ဘဲ ကုမ္ပဏီအနေဖြင့် ဝယ်ယူကြောင်း ပေါ်ပေါက်နေကြောင်း၊ တရားလိုက ဒေါက်တာမင်းမင်းကိုသာ တရားပြိုင်အဖြစ်ထားရှိပြီး စက်ပစ္စည်းတန်ဘိုးငွေ တောင်းခံရာ TOP MYANMAR GARMENT (MRG) CO., LTD ကို တရာပြိုင်အဖြစ် ထည့်သွင်း တရားစွဲဆိုထားခြင်းမရှိသဖြင့် တရားလိုတောင်းခံသော သက်သာခွင့်ကို ပေးနိုင်မည်မဟုတ်ကြောင်း၊ ထိုကြောင့် တရားလို၏ အဆိုလွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်ဟူ၍ (၁၉-၁၁-၂၀၁၅) ရက်စွဲဖြင့် အမိန့်ချမှတ်ခဲ့သဖြင့် ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက သက်သေခံ(ဂ) (၁၈-၅-၂၀၁၁)ရက်စွဲပါ အကြောင်းကြားစာနှင့် သက်သေခံ (ဃ) (၃၀-၅-၂၀၁၁) ရက်စွဲပါ အကြောင်းပြန်ကြားစာတို့အရ သက်သေခံ (က) (၂၉-၈-၂၀၁၀) ရက်စွဲပါ စက်ပစ္စည်း အရောင်းအဝယ်စာချုပ်မှာ ဒေါ်မိုးမိုးခိုင်နှင့် ဒေါက်တာမင်းမင်းတို့ လူပုဂ္ဂိုလ်အချင်းချင်း ပြုလုပ်ချုပ်ဆိုသော စာချုပ်ဖြစ်ကြောင်း၊ ယင်းသက်သေခံ (ဂ) (၁၈-၅-၂၀၁၁) ရက်စွဲပါ အကြောင်းကြားစာနှင့် သက်သေခံ (ဃ) (၃၀-၅-၂၀၁၁) ရက်စွဲပါ အကြောင်းပြန်ကြားစာတွင် ကုမ္ပဏီအချင်းချင်း ချုပ်ဆိုကြောင်း တစ်လုံးတစ်ပါဒမျှ မပါရှိကြောင်း၊ သက်သေခံဥပဒေပုဒ်မ- ၉၁၊ ဥပမာ(က) တွင် ပဋိညာဉ်တစ်ခုသည် ပေးစာအများတွင်ပါရှိလျှင် ထိုပဋိညာဉ်ပါရှိသော ပေးစာအားလုံးကို သက်သေထင်ရှား တင်ပြရမည်ဟူ၍ ပြဋ္ဌာန်းထားကြောင်း၊ သက်သေခံ (က)/ သက်သေခံ (၁) (၂၉-၈-၂၀၁၀) ရက်စွဲပါ စက်ပစ္စည်းအရောင်းအဝယ်စာချုပ်မှာ ဒေါ်မိုးမိုးခိုင်နှင့် ဒေါက်တာမင်းမင်းတို့ လူပုဂ္ဂိုလ်အချင်းချင်း ပြုလုပ်ချုပ်ဆိုသော စာချုပ်ဖြစ်ကြောင်း အမှုတွဲတွင် အထင်အရှား ပေါ်ပေါက်နေပါလျှက်နှင့် မူလရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ‘ သို့ဖြစ်၍ သက်သေခံ (က)/(၁) စာချုပ်တွင် ဝယ်သူနေရာတွင် ဒေါက်တာမင်းမင်းက လက်မှတ်ရေးထိုးဝယ်ယူခြင်းမှာ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ဝယ်ယူခြင်းမဟုတ်ဘဲ ကုမ္ပဏီအနေဖြင့် ဝယ်ယူကြောင်း ပေါ်ပေါက်နေကြောင်း၊ တရားလိုက ဒေါက်တာမင်းမင်းကိုသာ တရားပြိုင်အဖြစ်ထားရှိပြီး စက်ပစ္စည်းတန်ဘိုးကျန်ငွေ တောင်းခံရာ TOP MYANMAR GARMENT (MRG) CO., LTD ကို တရားပြိုင်အဖြစ် ထည့်သွင်းတရားစွဲ ဆိုထားခြင်းမရှိသဖြင့် တရားလိုတောင်းခံသော သက်သာခွင့်ကို ပေးနိုင်မည်မဟုတ်ပေ ’ ဟူ၍ အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ လည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း လွန်စွာမှားယွင်း လျက်ရှိကြောင်း၊ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းကို ကုမ္ပဏီမှတ်ပုံတင်လက်မှတ် လျှောက်ထားပြီးမှသာပြုလုပ်ခဲ့ကြောင်းပေါ်ပေါက်သဖြင့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းသည်သက်သေခံ(က)(၂၉-၈-၂၀၁၀) ရက်နေ့စွဲပါစက်ပစ္စည်းအရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီးနောက်ပိုင်းမှသာပြုလုပ်ကြောင်းအထင်အရှား ပေါ်ပေါက်ကြောင်း**(ကွယ်လွန်သူ မစ္စတာဂျိန်းမာတီနီ၏ အမွေစားအမွေခံများ ဖြစ်ကြသော ဒေါ်ခင်လေး ပါ-၆ နှင့် မစ္စအယ်လန်နာနွှစ်မာတီနီပါ-၂)** ၁၉၉၆ ခုနှစ်၊ မတစ စာ ၁၃၇၁ တွင် ‘ နှစ်ဦး နှစ်ဘက်ပြသော သက်သေများသည် အပြိုင်အဆိုင်ဖြစ်နေ၍ ၎င်းတို့ဝန်ခံထားသော အချက်များနှင့် ဖြစ်ဟန်လက္ခဏာရှိသော အချက်တို့ကိုထောက်ရှုလျက်မည်သည့်ဘက်က ပိုမိုမှန်လိမ့်မည်ကို ဆုံးဖြတ်မှသာ အမှု၏မှန်ကန်ရာကို ရောက်မည်ဟု၍ ထုံးပြုထားကြောင်း၊ အမှုတွဲရှိ သက်သေခံချက်များ၊ သက်သေထွက်ချက်များအရ မူလရုံးတရားလို ဒေါ်မိုးမိုးခိုင်သည် မူလရုံးတရားနိုင် ဒေါက်တာ မင်းမင်းထံမှ ရရန်ရှိသော စက်ပစ္စည်းများ၏တန်းဘိုးငွေမှာ US$ ၁၁၅၈၇၁ ဖြစ်ပြီး မူလရုံး တရားပြိုင် ဒေါက်တာမင်းမင်းမှ စက်ပစ္စည်းတန်ဘိုးကျန်ငွေများ ပေးချေရန် ပျက်ကွက်ခဲ့သောကြောင့် မူလရုံး တရားလို ဒေါ်မိုးမိုးခိုင်၏ နစ်နာကြေးငွေမှာ အမရိကန်ဒေါ်လာ US$ ၃၀၀၀၀ ဖြစ်သောကြောင့် မူလရုံးတရားလို ဒေါ်မိုးမိုးခိုင်သည် မူလရုံးတရားပြိုင် ဒေါက်တာမင်းမင်းထံမှ စုစုပေါင်း အမေရိကန် ဒေါ်လာ US$ ၁၄၅၈၇၁ ရထိုက်ကြောင်း အထင်အရှားပေါ်ပေါက်ကြောင်း၊ မူလရုံးတော်၏ အမိန့်သည် ဥပဒေအရလည်းကောင်း အကြောင်းခြင်းရာအရလည်းကောင်း လွန်စွာမှားယွင်းလျှက် ရှိပါသောကြောင့် မူလရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၃၆ ၏ (၁၉-၁၁-၂၀၁၅)

ရက်နေ့စွဲပါ အမိန့်နှင့်ဒီကရီအားပယ်ဖျက်၍ မူလရုံးတရားလို (ယခုအယူခံတရားလို) တောင်းဆိုသည့် အတိုင်း တရားလို ဒေါ်မိုးမိုးခိုင်သည် တရားပြိုင် ဒေါက်တာ မင်းမင်းထံမှ စက်ပစ္စည်းတန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၁၁၅၈၇၁ နှင့်နစ်နာကြေးငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၅၈၇၁ ရထိုက်ကြောင်းဖြင့် အနိုင်ဒီကရီချမှတ်ပေးပါရန် လျှောက်ထားလာသည်။

အယူခံတရားပြိုင်မှ သက်သေခံ(က) သို့မဟုတ် သက်သေခံ(၁) အရလူပုဂ္ဂိုလ်အချင်းချင်း ပြုလုပ်ချုပ်ဆိုသောစာချုပ်မဟုတ်ဘဲ ကုမ္ပဏီအချင်းချင်း ချုပ်ဆိုသောစာချုပ်ဖြစ်ကြောင်း အထင်အရှား တွေ့ရှိရကြောင်း၊ သက်သေခံ(ခ) NIVOICE (ကုန်ပို့လွှာ) သက်သေခံ (ခ)၊ (စ)၊ (ဆ) စက်ပစ္စည်းအရောင်း ပြေစာတို့အရလည်း ရောင်းချသူမှာ လူပုဂ္ဂိုလ်ဒေါ်မိုးမိုးခိုင်မဟုတ်ဘဲ DAIHAN SEWING- MACHINE CO.,LTD ဟုဖော်ပြထားပြီး မှာယူသူမှာ ဒေါက်တာမင်းမင်းမဟုတ်ဘဲ TOP MYANMAR GARMENT (MRG)CO., LTD ဟု ဖော်ပြထားကြောင်း၊ စာချုပ်တွင် ရောင်းသူ အဖြစ် DAIHAN SEWINGMACHINE ကုမ္ပဏီကိုယ်စား ဒေါ်မိုးမိုးခိုင်မှ လက်မှတ်ရေးထိုးပြီး ဝယ်ယူသူအနေဖြင့် TOP MYANMAR GARMENT ကုမ္ပဏီကိုယ်စား ဒေါက်တာ မင်းမင်းမှ လက်မှတ်ရေးထိုးကြောင်း၊ ကိုယ်စားလှယ်လွှဲသူ ကိုယ်စား ပဋိညာဉ်ပြုလုပ်သူ ကိုယ်စားလှယ်သည် ပုဂ္ဂလိက ပဋိညာဉ်ချုပ်ဆိုခြင်းဖြစ်သည် (သို့မဟုတ်) ကိုယ်စားလှယ်လွှဲသူကိုယ်စား ချုပ်ဆိုခြင်းမျှသာဖြစ်သည်ဟု မှတ်ယူရန်ဖြစ်သလား၊ ပုဂ္ဂလိက ပြုလုပ် ခြင်းဖြစ်ပါက ပဋိညာဉ်အရ ၎င်းသည်မည်မျှ တာဝန်ရှိသည်ဟူသော ပြဿနာမှာ ကာယကံရှင်တို့၏ ရည်ရွယ်ချက်အပေါ် မူတည်၍ ဆိုင်ရာပဋိညာဉ် အမျိုးအစားနှင့် စည်းကမ်းချက်များ၊ ထို့အပြင် ပတ်ဝန်းကျင်အကြောင်းခြင်းရာများမှာ ကောက်ယူရန် ဖြစ်သည် . . . . ဟု A,I.R 1941. Cal " 643 (D-B) အမှုတွင် အဆုံးအဖြတ်ပြုထားကြောင်း၊ သက်သေခံ (က) စာချုပ်ပါ ရောင်းသူဝယ်သူတို့သည် သာမန် လူပုဂ္ဂိုလ် တစ်ဦးမဟုတ်ကြောင်း၊ ကုမ္ပဏီအချင်းချင်း အရောင်းအဝယ် ပြုလုပ်ခြင်းဖြစ်ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ကြောင်း၊TOP MYANMAR GARMENT (MRG) CO., LTD သည် (၂၀-၈-၂၀၁၀) နေ့မတိုင်မီကပင် ဖွဲ့စည်းတည်ထောင်ထားပြီး၊ ကုမ္ပဏီမှတ်ပုံတင်ရန် လျှောက်ထားဆောင်ရွက်ထားပြီး ဖြစ်၍ သက်သေခံ (က) စာချုပ်ချုပ်ဆိုစဉ်ကာလတွင် ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နေပြီးဖြစ်ကြောင်း ပေါ်ပေါက်တွေ့ရှိရကြောင်း၊ သက်သေခံ(က)စာချုပ်တွင် ဒေါက်တာမင်းမင်းအား မန်နေးဂျင်းဒါရိုက်တာ ဟုမှားယွင်းဖော်ပြချက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာပြဿနာပေါ်ပေါက်ပါက ကိုယ်စားလှယ်လွှဲအပ်သူ TOP MYANMAR GARMENT (MRG) CO., LTD နှင့်သာသက်ဆိုင်ပြီး၊ မူလရုံးတရားလို၏ အကျိုး စီးပွားနှင့် သက်ဆိုင်ခြင်းမရှိသဖြင့် မူလရုံးတရားလိုအား ထိခိုက်နစ်နာမှု မရှိစေနိုင်ကြောင်း၊ မိမိ၏ အခွင့်အာဏာကိုကျော်၍ ကိုယ်စားလှယ်ကပြုလုပ်သော ဆောင်ရွက်ချက်ကို ကိုယ်စားလှယ်လွှဲသူက အတည်ပြုလျှင် ကိုယ်စားလှယ်လွှဲသူထံ၌ ကိုယ်စားလှယ်က ပုဂ္ဂလိကတာဝန်ရှိမှုသည် ရပ်စဲသွား သည် . . . . ဟု A,I.R 1972 . Mad " 478 (D-B) တွင် အဆုံးအဖြတ်ပြုထားကြောင်း၊ သက်သေခံ (၉) အစည်းအဝေး ဆုံးဖြတ်ချက်ပြုလုပ်သည့် (၂၀-၈-၂၀၁၁) နေ့ရက်တွင် TOP MYANMAR ကုမ္ပဏီသည် ကုမ္ပဏီတစ်ခုအနေဖြင့် ရပ်တည်လျှက်ရှိနေပြီဖြစ်ပြီး၊ ယင်းကုမ္ပဏီအမည်ဖြင့်ပင် မှတ်ပုံတင်လက်မှတ် ရရှိခဲ့သည်ဖြစ်၍ ကုမ္ပဏီမှတ်ပုံတင်ရန် လျှောက်ထားဆဲကာလတွင် ကုမ္ပဏီအတွက် ဆောင်ရွက်ချက် များသည် ကုမ္ပဏီမှတ်ပုံတင် လက်မှတ်ရရှိချိန်တွင် စည်းနှောင်အား (binding) ရှိသည်ဖြစ်ကြောင်း၊ ပဋိညာဉ်ဥပဒေပုဒ်မ ၂၂၆ အရ ကိုယ်စားလှယ်ဖြစ်သူ ဒေါက်တာမင်းမင်း၏ ဆောင်ရွက်ချက်တွင် TOP MYANMAR GARMENT (MRG) CO., LTD တွင်သာ တာဝန်ရှိမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအချင်းချင်း တရားစွဲဆိုရာတွင် ကုမ္ပဏီကိုယ်စား ကုမ္ပဏီ၏အကြီးအကဲများ၏ ဆုံးဖြတ်ချက်နှင့် တာဝန်ပေးစေခိုင်း သူသာလျှင် လက်မှတ်ရေးထိုး၍ တရားမ ကျင့်ထုံးဥပမာအမိန့်- ၂၉ နှင့် တရာမကျင့်ထုံးဥပဒေအမိန့်-၃ ၊ နည်း-၁၊ ၂ တို့နှင့်အညီ ကုမ္ပဏီကိုယ်စား တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ မူလရုံးတရားလိုစွဲဆိုထားသည့် အမှုမှာ ဥပဒေနှင့်ညီညွတ်မှုမရှိသဖြင့် မူလရုံးမှ မူလရုံးတရားလို၏ အဆိုလွှာအား စရိတ်နှင့်တကွ

ပလပ်ခဲ့ခြင်းမှာ သက်သေခံချက်များအရလည်းကောင်း ဥပဒေပြဋ္ဌာန်းချက်နှင့် စီရင်ထုံးမူများအရလည်းကောင်း မှားယွင်းမှုမရှိပါသဖြင့် ဤအယူခံမှုအားလက်မခံ ခွင့်မပြုဘဲ ပလပ်ပေးသင့်ပါကြောင်း လျှောက်ထားလာသည်။

နှစ်ဖက်တင်ပြချက်အရစိစစ်လျှင် သက်သေခံ (က) (၂၉-၈-၂၀၁၀) ရက်စွဲပါ အထည်ချုပ်စက်များဝယ်ယူသည့် စာချုပ်ပေါ်တွင် တရားလို ဒေါ်မိုးမိုးခိုင်နှင့် ဒေါက်တာ မင်းမင်းတို့သည် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ခြင်းဖြစ်သည်မှာ ထင်ရှားပေါ်ပေါက်ခဲ့သည်။ တရားပြိုင်ဒေါက်တာမင်းမင်းသည်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာအနေဖြင့်လည်းကောင်း၊ တရားလို ဒေါ်မိုးမိုးခိုင်သည် DAIHAN SEWINGMACHINE CO., LTD အနေဖြင့် အသီးသီးလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

မူလခရိုင်တရားရုံး၏ ငြင်းချက်အမှတ်(၁) ဖြစ်သည့် တရားလိုစွဲဆိုသည့်အမှုသည် အမှုပုံစံမှန်ကန်ခြင်းမရှိသည်မှာ မဟုတ်ကြောင်းဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၁၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၄၀ / ၂၀၁၂ တွင် ဖြေဆိုထားပြီးဖြစ်ကြောင်းလည်း တွေ့ရသည်။ မူလရုံးတရားလို ဒေါ်မိုးမိုးခိုင်နှင့် တရားပြိုင် ဒေါက်တာမင်းမင်းသည် သက်သေခံ (က) စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်းလည်း ၄င်း၏အချေလွှာအပိုဒ် (၁) တွင် ဝန်ခံထားပြီးဖြစ်သည်။

သက်သေခံ (ဇ) TOP MYANMAR GARMENT (MRG) CO., LTD ဒါရိုက်တာအဖွဲ့အစည်းအဝေး (၂၀-၈-၂၀၁၀) ရက်စွဲပါ မှတ်တမ်းအရဆိုလျှင်လည်း တရားပြိုင်ဒေါက်တာ မင်းမင်းကို အထည်ချုပ်စက်များ၊မီးစက်နှင့်မီးအားမြှင့်စက်များဝယ်ယူရန် တာဝန်ပေးခဲ့ကြောင်းလည်းပေါ်ပေါက်ခဲ့သည်၊ သက်သေခံ (ဇ) TOP MYANMAR GARMENT (MRG) CO., LTD ဒါရိုက်တာအဖွဲ့၏ တာဝန်ပေးချက်အရ တရားလိုနှင့် သက်သေခံ (က) စာချုပ်ကို (၂၉-၈-၂၀၁၀) နေ့တွင် တရားပြိုင် ဒေါက်တာမင်းမင်းက ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

TOP MYANMAR GARMENT (MRG) CO., LTD ထိပ်တန်းမြန်မာ အထည်ချုပ်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်သည် သက်သေခံ (၁၁) ရှိ (၁၀-၁၂-၂၀၁၀) ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်လက်မှက်အရ သက်သေခံ (ဇ) ရှိ ဒါရိုက်တာ အစည်းအဝေးပြုလုပ်ချိန်က တရားဝင် မှတ်ပုံတင်ထားခြင်းမရှိသေးသည့် ကုမ္ပဏီဖြစ်ခဲ့သည်။ ထိုသို့တရားဝင် မှတ်ပုံတင်ထာခြင်းကုမ္ပဏီ မဟုတ်သည့်အတွက် ဒေါက်တာမင်းမင်းတစ်ဦးတည်းအပေါ် သက်သေခံ (က) စာချုပ်အရ သက်သာခွင့် တောင်းဆိုခြင်းသည် မှန်ကန်ပေသည်။ ထိပ်တန်းမြန်မာ အထည်ချုပ်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်ကို ထည့်သွင်းတရားစွဲဆိုရန် လိုမည်မဟုတ်ချေ။

သက်သေခံ (ဂ) ရှိ ဒေါက်တာမင်းမင်း အကျိုးဆောင်၏ တရားလိုထံပြန်ကြားစာအရလည်း အချင်းဖြစ် စက်ပစ္စည်းဝယ်ယူမှုသည် ထိပ်တန်းမြန်မာအထည်ချုပ် ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်ကို ထည့်သွင်းမစွဲဆိုသဖြင့် တရားလိုတောင်းဆိုသည့် သက်သာခွင့်ပေးခွင့်မရှိဟုသုံးသပ်၍ တရားလို၏အဆိုလွှာကို ပလပ်ခဲ့ခြင်းသည်လည်း ဥပဒေအရ မမှန်ကန်ပေ။ **ဒေါ်ခင်မိ နှင့် ကိုပြည့်မောင် ပါ(၃) အမှု**[၁] တွင်ကြည့်ပါ။

---

၁။ ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ- ၈ (၁၁)။

တရားမကျင့်ထုံးဥပဒေအမိန့်- ၁၊ နည်းဥပဒေ- ၉ တွင် အမှုသည်များ မှားယွင်းပူးတွဲထားခြင်းကြောင့်ဖြစ်စေ၊ ပူးတွဲသင့်သော အမှုသည်များကို မပူးတွဲခြင်းကြောင့်ဖြစ်စေ မည်သည့်တရားမမှုမျှ မရှုံးနိမ့်စေရ၊ ထို့ပြင် တရားရုံးသည် တရားမှုအသီးသီးတွင် တရားမရုံးသို့ အမှန်တကယ် ရောက်ရှိသော အမှုသည်တို့၏ရပိုင်ခွင့် အကျိုးသက်ဆိုင်ခွင့်များနှင့် စပ်လျဉ်းသမျှ အငြင်းပွားသည့် အကြောင်းအရာကို စီရင်ဆုံးဖြတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ထို့ကြောင့် မူလခရိုင်တရားရုံးက ထိပ်တန်းမြန်မာ အထည်ချုပ် ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်ကို ထည့်သွင်းမစွဲဆိုသဖြင့် တရားလို၏အဆိုလွှာအား ပလပ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုသာချေ။

ဒေါက်တာမင်းမင်း၏ချေလွှာအပိုဒ် (၁) တွင် ဖော်ပြထားချက်အရ ဒေါ်မိုးမိုးခိုင်ထံမှ အထည်ချုပ်စက်ပစ္စည်းများကို သက်သေခံ (က) စာချုပ်အရဝယ်ယူခဲ့သည်ကို ဝန်ခံထားခဲ့သည်။ ထို့အတူ တရားလိုအကျိုးဆောင်မှ ပြန်လှန်စစ်ဆေးရာတွင်လည်း ဒေါ်မိုးမိုးခိုင်ထံသို့ ပစ္စည်းတန်ဖိုးငွေ အမေရိကန် ဒေါ်လာ ၁၁၅၈၇၁ ပေးရန် ကျန်ရှိနေသေးသည်မှာ မှန်ကြောင်းဖြင့်လည်း ဝန်ခံထားပြီးဖြစ်သည်။

ဒေါက်တာမင်းမင်းသည် ဒေါ်မိုးမိုးခိုင်ထံမှ ၎င်းစိုက်ထုတ်ကုန်ကျငွေဖြစ်သည့် အမေရိကန် ဒေါ်လာ (၄၆၄၂၂)ကို ခုနှိပ်ရန် သဘောတူထားသဖြင့် ခုနှိမ်ပေးလိုသည်ဟု ထုချေထားသော်လည်း အဆိုပါ ခုနှိမ်ငွေများနှင့် စပ်လျဉ်းသည့် အထောက်အထား စာရွက်စာတမ်းများ တင်ပြနိုင်ခဲ့ခြင်း မရှိခဲ့ချေ။ သက်သေခံ(က)စာချုပ်တွင် မပါဝင်သည့်အချက်အရ ဒေါက်တာမင်းမင်းက ဒေါ်မိုးမိုးခိုင်ထံမှရရန်ရှိသည့် ငွေများကို သီးခြားတောင်းဆိုရန်ဖြစ်သည်။ သက်သေခံ (က) စာချုပ်အရ ရယူထားသည့် စက်ပစ္စည်းတန်ဖိုးငွေနှင့် ခုနှိမ်ပေးနိုင်မည် မဟုတ်ချေ။ **ဒေါ်မိမိသွင် (ခ) ဒေါ်တင်မာသွင်း နှင့် ဦးမျိုးသန့်ပါ (၂) အမှု**[၂] တွင်လည်း ဤမူသဘောအတိုင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

ဒေါ်မိုးမိုးခိုင် တောင်းဆိုထားသည့် စက်ပစ္စည်းတန်ဖိုးငွေများအနက် အမေရိကန်ဒေါ်လာ ၁၁၅၈၇၁ (အမေရိကန်ဒေါ်လာ တစ်သိန်းတစ်သောင်းငါးထောင့်ရှစ်ရာ့ခုနှစ်ဆယ့်တစ်တိတိ) ကိုပေးရန် ကျန်သည်မှာ မှန်ကြောင်း၊ ဒေါက်တာမင်းမင်းကိုယ်တိုင် ဝန်ခံထွက်ဆိုထားဖြစ်သည်။ ထို့ကြောင့် ဒေါ်မိုးမိုးခိုင် တောင်းဆိုနေသည့် စက်ပစ္စည်းတန်ဖိုးကျန်ငွေ အမေရိကန်ဒေါ်လာ ၁၁၅၈၇၁ (အမေရိကန် ဒေါ်လာ တစ်သိန်းတစ်သောင်းငါးထောင့်ရှစ်ရာ့ခုနှစ်ဆယ့်တစ်တိတိ) ကို တရားပြိုင် ဒေါက်တာမင်းမင်း က ပြန်ပေးရန် တာဝန်ရှိမည်ဖြစ်သည်။

ဒေါ်မိုးမိုးခိုင် တောင်းဆိုသည့် နစ်နာကြေးငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀ (အမေရိကန် ဒေါ်လာ သုံးသောင်းတိတိ) နှင့်စပ်လျဉ်း၍ သက်သေခံ (က) စာချုပ်တွင် မည်သည့်ပဋိညာဉ်၊ မည်သည့် စည်းကမ်းချက်မျှ သဘောတူညီထားခြင်းမရှိသဖြင့် ခွင့်ပြုရန်သင့်မည် မဟုတ်ချေ။

ထို့ကြောင့် ဤအယူခံမှု တစ်စိတ်တစ်ပိုင်းကို ခွင့်ပြုသည်။ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၏ (၁၉-၁၁-၂၀၁၅) ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ အယူခံတရားလို ဒေါ်မိုးမိုးခိုင်

---

၂။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ- ၉၃ (၉၅)။

ထံသို့ အယူခံတရားပြိုင် ဒေါက်တာမင်းမင်းက စက်ပစ္စည်းဖိုးကျန်ငွေ အမေရိကန်ဒေါ်လာ ၁၁၅၈၇၁ (အမေရိကန်ဒေါ်လာ တစ်သိန်းတစ်သောင်း ငါးထောင့် ရှစ်ရာ့ ခုနှစ်ဆယ့်တစ်တိတိ) ကို စရိတ်နှင့်တကွ ပေးဆပ်စေရန် အနိုင်ဒီကရီ ချမှတ်လိုက်သည်။

ရှေ့နေချုပ် ၂၀၀ဝိ/- သတ်မှတ်သည်။

**( လှအေး )**
**တရားသူကြီး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**